nystateofhealth
The Official Health Plan Marketplace



# Essential Plan အွတက်

## အခြေခံ အချက်အလက်များ

### ကျွန်ုပ် အမည်စာရင်း မည်သို့ပေးသွင်းရမည်နည်း။

- **nystateofhealth.ny.gov**

သို့မဟုတ်

- **1-855-355-5777 သို့မဟုတ်**
**TTY: 1-800-662-1220**

သို့မဟုတ်

- **သင့်အိမ် သို့မဟုတ် အလုပ်အနီးမှ** အသိအမှတ်ပြုလက်မှတ်ရထားသော ကူညီပေးသူတစ်ဦးမှတစ်ဆင့် အခမဲ့ စာရင်းသွင်းခြင်း

### ကျွန်ုပ်၏ ဘာသာစကားဖြင့် ကျွန်ုပ်အား ကူညီနိုင်ပါသလား။

အကူအညီကို သင့်ဘာသာစကားဖြင့် ဖုန်း နှင့်ဖြစ်စေ လူချင်းတွေ့ဆုံ၍ဖြစ်စေ ရရှိနိုင်ပါသည်။

### မည်သည့်အချိန်တွင် အမည်စာရင်းသွင်းနိုင်သနည်း။

Essential Plan အွတက် အမည်စာရင်း ပေးသွင်းရန် တစ်နှစ်ပတ်လုံး ဖွင့်ပါသည်။

**NY State of Health** သည် သက်ဆိုင်ရာ ဖယ်ဒရယ်အရပ်သားလုပ်ပိုင်ခွင့်ဥပဒေများနှင့် နိုင်ငံတော်ဥပဒေများကို လေးစားလိုက်နာပြီး လူမျိုး၊ အသားအရောင်၊ ဇာတိနိုင်ငံ၊ ကိုးကွယ်မှု၊ ယုံကြည်မှု၊ လိင်၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ/မိသားစုအခြေအနေ၊ ဖမ်းဆီးခံရမှုမှတ်တမ်း၊ ပြစ်မှုကျူးလွန်ထားမှု (များ)၊ လိင်ခွဲခြားသတ်မှတ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ပင်ကိုမျိုးရိုးဗီဇဆိုင်ရာ စရိုက်လက္ခဏာများ၊ စစ်မှုထမ်းဖြစ်မှုအခြေအနေ၊ အိမ်တွင်းအကြမ်းဖက်ခံရမှုအခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပါ။

11017 - Burmese

### Essential Plan ဆိုသည်မှာ အဘယ်နည်း။

သတ်မှတ်ချက်ပြည့်မီသည့် နယူးယောက်မြို့သူမြို့သားများအတွက် ပရီမီယမ်ပေးသွင်းရခြင်းမရှိသည့် ကျန်းမာရေးအာမခံအစီအစဉ်။ တူညီသည့် အကျိုးခံစားခွင့်များ ကို ၎င်းအစီအစဉ်ဖြင့် ကမ်းလှမ်းပေးအပ်နေပါသည်။

### ဘယ်သူတွေ သတ်မှတ်ချက်ပြည့်မီမလဲ။

Medicaid သို့မဟုတ် Child Health Plus ဆိုင်ရာ သတ်မှတ်ချက်များကို ပြည့်မီခြင်းမရှိသည့် ဝင်ငွေနည်းသူများ။

| အိမ်ထောင်စု အွရယ်အစား | သင်ရရှိနိုင်သော အများဆုံးပမာဏ |
|---|---|
| 1 | $39,125 |
| 2 | $52,875 |
| 3 | $66,625 |
| 4 | $80,375 |

### ၎င်းသည် မည်မျှကုန်ကျသနည်း။

သတ်မှတ်ချက်ပြည့်မီသည့် လစဉ်ပရီမီယမ်ကြေးမှာ $0 ဖြစ်သည်။

### အခြားမည်သို့ကုန်ကျစရိတ်သက်သာစေသနည်း။

၎င်းတွင် နုတ်ယူခွင့်ရှိသော ကုန်ကျစရိတ်ကျခံထားမှုများမရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ကို ၎င်းက ချက်ချင်းကျခံပေးပါသည်။

သွားဘက်ဆိုင်ရာနှင့် မျက်စိဆိုင်ရာ အကျိုးခံစားခွင့်များလည်း အပါအဝင်ဖြစ်ပါသည်။ စရိတ်မျှပေးရခြင်းမဟုတ်ဘဲ ကျခံပေးပါမည်။

သင့်ကျန်းမာရေးကောင်းမွန်စေရန်အတွက် ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြစ်သော ဆရာဝန်စစ်ဆေးမှုများနှင့် ပဏာမစစ်ဆေးမှုများကဲ့သို့ အခမဲ့ကြိုတင်စောင့်ရှောက်မှုများကို ရရှိပါမည်။

### Essential Plan နှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုတွေက ဘာတွေပါလဲ။

အခြားအစီအစဉ်များက ငွေစာရင်းရှင်းပေးသည့် တူညီသော ဝန်ဆောင်မှုများ။

- ပါရဂူများအပါအဝင် ဆရာဝန်ပြသမှုများ
- သင်၏ဆရာဝန် ညွှန်ကြားသော စစ်ဆေးချက်များ
- ဆေးညွှန်းမှ ဆေးဝါးများ
- ဆေးရုံတွင် ပြင်ပလူနာနှင့် အတွင်းလူနာစောင့်ရှောက်မှု
- အခြားအရာများလည်း ရှိပါသေးသည်။